www.burmeseclassic.com




# မီးဖိုချောင်ပြဿနာ

## ဖြေရှင်းနည်းများ

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၄၀၀၃၇၄၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၃၁၀၆၁၀

ထုတ်ဝေသည့်ကာလ - ၂၀၁၀၊ ဇူလိုင်လ

ပုံနှိပ်ခြင်း - ပထမအကြိမ်

မျက်နှာဖုံးရိုက် - မိုးကျော်ပုံနှိပ်တိုက်

ပုံနှိပ်သူ - ဒေါ်မိမိလှိုင်
(မိုးကျော်)ပုံနှိပ်တိုက်

ထုတ်ဝေသူ - ဒေါ်မိမိလှိုင်

- အမှတ် ၁၂၉/၂
မီးဒုန်းလမ်းသွယ်(၄)၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖုန်း - ၇၀၄၂၉၇
၃၈၉၅၅၈

တန်ဖိုး (၁၀၀)ကျပ်

မခိုင် ၆၄၀

မီးဖိုချောင် ပြဿနာ ဖြေရှင်းနည်းများ /
မခိုင် ။ - ရန်ကုန်။ မိုးကျော်စာပေ၊ ၂၀၁၀။
၄၈ - စာ၊ ၁၄.၅ x ၉.၅ စင်တီ။
(၁) လျှာအရင်းမြွက်စေမည့် ဟင်းချက်နည်းများ


www.burmeseclassic.com

www.burmeseclassic.com

# မခိုင်

## မီးဖိုချောင်ပြဿနာ ဖြေရှင်းနည်းများ

www.burmeseclassic.com

www.burmeseclassic.com



# မီးဖိုချောင်ပြဿနာ ဖြေရှင်းနည်းများ

## ပိုးဟပ်မလာစေသောနည်း

တာရပင်ဆီအနည်းငယ်ကို ပိုးဟပ်များတွေ့ရှိသည့် နေရာတွင် ဖြန်းပါ။ အနံ့ရှိသမျှရှင်းနေရာသို့ ပိုးဟပ်များ မလာပါ။

## ဆပ်ပြာကိုကိုင်၍ လက်တွန့်ခြင်းပျောက်နည်း

ရှလကာရည်အနည်းငယ်ကို လက်တွင်အစက်ချ၍ ပွတ်လျှင်လက်များရှုံ့တွ တွန့်ခြင်း ပျောက်ပါသည်။

## နားကိုက်ပျောက်နည်း

ကြက်သွန်ကို ကြိတ်၍နားတွင်အုံထားလျှင် နားကိုက်နာကိုပျောက်ရွေ့စေ တတ်ပါသည်။

## ဝက်ခြံပျောက်နည်း

ကြက်ဟင်းခါးသီးအစေ့ကို ဆားနှင့်ရောပြီး ညက်အောင်ကြိတ်ပါ၊ ရလာသောအနှစ်ကို အရက်အနည်းငယ်နှင့်သင့်ရုံဖျော်ပြီးနောက်ရသောအရည်နှင့် ဝက်ခြံများကို လိမ်းပေးပါက ဝက်ခြံများပျောက်ပါသည်။

## နှာခေါင်းသွေးယိုလျှင်ပျောက်နည်း

နှာခေါင်းသွေးယိုလျှင်လက်မောင်းလက်ဖျားကိုခေါင်းပေါ်၌မြှောက်ထားလျှင် ချက်ခြင်းသွေးယိုခြင်းရပ်ပါလိမ့်မည်။ ထိုသို့ မလုပ်လိုလျှင်ရေအေးကိုရှူပါ။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



ထပ်မဖြစ်စေရန် ဝမ်းမချုပ်ရန် အထူးဂရုစိုက်ပါ။

## ကတုန်ကရီနှင့်ခေါင်းကိုက်ခြင်းပျောက်နည်း

ကတုန်ကရီနှင့် ဇက်လေးခေါင်းကိုက်သည့်အခါ ရေနွေးပူပူကို အင်တုံတွင်ထည့်၍ ၎င်းရေနွေးထဲတွင် ခြေထောက်များကိုစိမ်ပါ။ ရေနွေးသည် ခြေထောက် အပူခံနိုင်သာပူရပါမည်။ ထိုသို့လုပ်၍ မသက်သာ ပါက ထိုရေနွေးထဲသို့ မုန်ညှင်းဆီလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ထည့်၍ ပေးပါ။

## အခေါင်နံပျောက်နည်း

နေ့စဉ်ရေထဲသို့ လက်ချားထည့်၍ နံနက်တိုင်းသွားတိုက်ကာ အာလုပ်ကျင်းပေးလျှင် မကြာမီ သွားခိုင်မာလာပြီး အခေါင်နံ နံခြင်းပျောက်ပါသည်။

## မီးပူရေနွေးပူလောင်လျှင်ပျောက်နည်း

၎င်းလောင်သောနေရာတွင် လိမ္မော်သီးအပုပ်ရည်ကိုလိမ်းပေးလျှင် မကြာမီပျောက်သွားပါမည်။

## ချွေးလွန်သက်သာနည်း

ကျောက်ချဉ်မှုန့် တစ်ကျပ်သား၊ ပရုပ်မှုန့်တစ်ကျပ်သား၊ သံပရာသီးအရည်နှင့်ကြေအောင်နယ်ပြီး ဆီလိမ်းသကဲ့သို့ ချွေးထွက်သောနေရာများကိုသုတ်လိမ်းထားလျှင်ချွေးထွက်သက်သာပါသည်။(သင့်တော်ရုံချွေးထွက်လျှင် ဤသို့မလုပ် သင့်ပါ)

## ခြေဖဝါးကွဲပျောက်နည်း

ရေနံစိမ်းသုတ်လျှင် ခြေဖဝါးကွဲပျောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြွက်ထွက်ပြေးနည်း

ကြွက်ပေါလျှင်ဝင်းတို့သွားလာနေထိုင်ရာနေရာများတွင် ပရုပ်လုံးအစစ်များကို ချထားပါက ကြွက်များထွက်ပြေးကြပါလိမ့်မည်။

## ကလေးကိုဆေးမသီးစေသောနည်း

ကလေးကိုဆေးတိုက်ရာတွင် ဆေးရည်ကိုဇွန်းတွင် ထည့်ပြီး နောက်ဇွန်းကို ကလေး၏အာခေါင်နှင့်ကပ်ပြီးမှောက်၍ ကျအောင်ဇွန်းကို စိုက်လိုက်ရပါမည်။ ထိုအခါ ဆေးရည်သည်လည်ချောင်းအတွင်းသို့ အဆင့်ဆင့် ဆင်းသွားပါလိမ့်မည်။

## အရိုးစူးလျှင်ပျောက်နည်း

ငါးရိုးစူး၍လည်ချောင်းထဲမှ ထုတ်မရပါက လျှော်မြန်စွာကြက်ဥအစိမ်းကို ခွဲ၍ တစ်ခါတည်းမျိုချလိုက်လျှင် ငါးရိုးသည် တစ်ခါတည်းလျော့ကျသွားပါသည်။

## နှုတ်ခမ်းကွဲပျောက်နည်း

ဝမ်းချုပ်၍သော်၎င်း ရောဂါရှိ၍သော်လည်းကောင်း နှုတ်ခမ်းကွဲလျှင် ပျားရည်နှင့်လစ်ဆရင်ဆတူရော၍ ညဦးအခါအိပ်ရာဝင်တိုင်း နှုတ်ခမ်းကိုသုတ်လိမ်းပေးပါက နှုတ်ခမ်းကွဲပျောက်ပါသည်။

## ကြွက်တက်လျှင်အလွယ်တကူပျောက်နည်း

ကြိုးခပ်သေးသေးခိုင်ခိုင်နှင့် ကြွက်တက်သောခြေသလုံးကိုပတ်၍ အစနှစ်ဘက်ကိုတင်းတင်းဆွဲ၍ ချည်လိုက်လျှင် ကြွက်တက်ပျောက်ပါသည်။ ကြွက်သားအနည်းငယ်နာအောင်ဆွဲရပါမည်။ (ကြွက်တက် တတ်လျှင်ကြိုးက

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ချောင်းဆောင်ပါ။)

## အပူလောင်သက်သာနည်း

ရေနွေးပူ မီးပူစသည်တို့ လောင်သော်ထိုနေရာကို ဂလစ်ဆရင်းရည်နှင့် သုတ်လိမ်းပြီး အပေါ်ကဂျုံမှုန့်နှင့် ပုံးအုပ်ကာဝါဂွမ်းထည်ကိုထူထူထပ်တင်ပြီး ပတ်တီးစည်းထားပါကသက်သာပါသည်။

## အိပ်ပျော်နည်း

ဒန်းကျွဲစေ့ခြောက်ကို မီးနှင့်လှော်၍အမှုန့်ထောင်းပြီး ကာဖီရည်ကဲ့သို့ သော က်ပါက အိပ်ပျော်ပါသည်။

## ခြေထောက်ကိုသံစူးလျှင် သက်သာနည်း

သံစူးသောနေရာတွင် ဆားနှင့်ချင်း (ဂျင်း)ကိုကြိတ်၍ အုံပေးပါ။ သံအဆိပ်ရှိသမျှဝင်းဂျင်းထဲသို့ ကျလာပါလိမ့်မည်။ တစ်နေ့လျှင်နှစ်ခါ လောက်လဲ၍ ချင်း (ဂျင်း)အုံပေးရပါမည်။ (သံဆိပ်မတက်စေရန် ကာကွယ်ဆေးထိုးပါ။)

## ဆံပင်မကျွတ်စေသောနည်း

မိန်းမများ မီးယပ်ရောဂါကြောင့်သော်လည်းကောင်း အခြားရောဂါကြောင့်သော်

## ဆိတ်သားမညှီနည်း

ဆိတ်သားကိုခွင်ပေါ်တွင် ဆီသတ်သည့်အခါ သံပုရာသီး တစ်ခြမ်းခန့် အရည်ညှစ်ပြီးထည့်ချက်ပေးလျှင် အညှီနံ့ကင်းပြီး စားသောက်၍ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ဆံပင်ကျွတ်သည်ဆိုပါက ပျားရည်နှင့်ဂုံညှင်းခဲတို့ကိုသွေး၍ ဆံပင်ကိုလိမ်းပေးပါလျှင် ဆံပင်များကျွတ်မထွက်နိုင်ပါ။

## ကိုယ်ဖောရောင်သည့်ရောဂါပျောက်နည်း

ကိုယ်ဖောရောင်နေသည်ကို ဆေးမတွေ့ခဲ့လျှင် စွန်လက်သဲမြစ်ကို ဆန်ဆေးရည်နှင့် သွေး၍လူးပေးပါက ပျောက်တတ်၏။

## အိုက်လျှင်အေးစေသောနည်း

အလွန်ပူအိုက်လျှင် ရေချိုးရန်အဆင်မသင့်အခါ ရေစက်အောက်သွား၍ ရေစက်ဖွင့်ပြီး လက်ကောက်ဝတ်ကိုရေလောင်းပါ။ ရေစက်မရှိပါက အိုးမှရေအေးကို ခပ်၍ လက်ကောက်ဝတ်ကိုလောင်းပေးပါက မကြာမီ ပူအိုက်ခြင်းကင်းပျောက်သွားပါလိမ့်မည်။

## အသားနုဆေးနည်း

သနပ်ခါးအမြစ်ရေ(၃)ကျပ်သား၊ သနပ်ခါးအခေါက်ရေ(၂)ကျပ်သား၊ သံပရာသီးရေ(၁)ကျပ်သား တို့ကိုရောစပ်၍လိမ်းလျှင် အသားနုပါသည်။ ဝက်ခြံပေါက်ခြင်း၊ အဆီပြန်ခြင်းမရှိပါ။

## ထိုင်းမှိုင်းမှုပျောက်နည်း

အချို့သော အခန်းတို့သည် နေရောင်ခြည်မရသဖြင့် ထိုင်းမှိုင်းပြီးအခန်းတွင်းရှိ အရာများကိုလည်း ထိုင်းမှိုင်းစေတတ်ပါသည်။ ထိုသို့ ဖြစ်လျှင် ထုံးမှုန့်အချို့ကို သေတ္တာငယ်တစ်ခုတွင်ထည့်ပြီး စင်ပေါ်တွင်တင်ထားပါက အခန်းတွင်ရှိသေသည် ခြောက်သွေ့ပြီး ထိုင်းမှိုင်းမှုသက်သာစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ပိုးဟတ်နိုင်နည်း

အာလူးအခွံများကို ပြာကျအောင် မီးဖုတ်ပြီးရရှိသည့် ပြာနှင့်ပိုးဟတ်များနေသော ထောင့်ကျိုးထောင့်ကြားများအတွင်းလိုက်လံ၍ ဖုံးထားပါက ပိုးဟတ်များမလာတော့ချေ။ သခွားသီးအခွံကို ဓားနှင့်လှီး၍ထားလျှင်လည်းရပါသည်။

## ခေါင်းကိုက်သက်သာနည်း

ကိုယ်လက်ပင်ပန်း၍ ခေါင်းကိုက်လျှင် သံပုရာသီးတစ်စိပ်နှစ်စိပ်လောက်ကို လက်ဖက်ရည်ကျကျထဲထည့်ပြီး သုံးဆောင်လျှင် ခေါင်းကိုက်သက်သာပါသည်။

## သွားနာသက်သာနည်း

ကျော်ပြီးသားဆိုဒါမှုန့်နှင့် သွားတိုက်ပြီးရေနွေးနှင့်ကျင်းပစ်လျှင် သွားကိုက်နာ သက်သာပါသည်။ လက်ချားအနည်းငယ်ထည့်၍ နေ့စဉ်သွားတိုက်လျှင် သွားပိုးမစားဘဲ သွားကျိုးခြင်းမှ ကင်းပါသည်။

## ခေါင်းအုံ့ပျောက်နည်း

ဆားအနည်းငယ်ကို လက်ဖျားနှင့်ယူ၍ လျှာပေါ်တွင်တင်မြုံပြီးနောက် ၁၀မိနစ်လောက်ကြာမှ ရေအေးသောက်လျှင် ခေါင်းအုံ့ခြင်းပျောက်တက်ပါသည်။

## ဆီးချေးပျောက်နည်း

ဆီးချေးတက်သည့်ဖွန်းခက်ရင်း၊ ဘူး၊ ပုလင်းတို့ကို လွှစာမှုန့်၊ ဖွဲပြာတို့နှင့်ဦးစွာ ပွတ်တိုက်ဆေးကြောပြီးမှ ဆပ်ပြာရည်နှင့် ဆေးကြောလျှင် ပိုမိုစင်ကြယ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝဲခြောက်ပျောက်နည်း

ဆေးအန်းကိုသွေးလိမ်းလျှင် ဝဲခြောက်ပျောက်၏။ ရင်းအပြင် ကန့်နှင့်အုန်းဆီ သွေးလိမ်းလျှင် ဝဲပျောက်သည်။

## သူငယ်နာပျောက်ဆေးနည်း

ကလေးသူငယ်တို့မှာ ကျောပူခေါင်းပူဖြစ်၍ မအီမသာဖြစ်ပါက ဟင်းနုနွယ်ဆူးပေါက်မြစ်ကို ဆားနှင့်သွေး၍လျှာကိုနှိုက်ပါလျှင် သူငယ်နာပျောက်ပါသည်။

## လက်ကိုဆူးစူးလျှင် နုတ်နည်း

ရေနွေးအပြည့်ရှိသည့် အပေါက်ဝကျယ်သောပုလင်းတစ်လုံးကိုယူပြီး စူးသောနေရာကို ပုလင်းပေါ်မှနှိပ်ပါ။ အသားသည် အပူငွေ့ဖြင့် ပုလင်းထဲသို့ အနည်းငယ်စူးဝင်သည်နှင့် (၃-၄)မိနစ်ကြာသောအခါ ဆူးသည် ကျလာပါလိမ့်မည်။

## အကြောအချင် အကိုက်အခဲပျောက်နည်း

နူးညံ့သော အဝတ်စကို နို့ထဲတွင် စိမ်ပြီး ကိုက်ခဲသောနေရာကို ပွတ်ပေးလျှင် အလွန်းဆိုးသောရောဂါဖြစ်စေကာမူချက်ခြင်း ပျောက်ကင်းပါသည်။

## ကြို့ထိုးပျောက်နည်း

ကြို့ထိုးလျှင်ရှာလကာရည်နှင့် သကြားကိုဖျော်ပြီး လက်ဖက်ရည်ဇွန်းတစ်ဇွန်းလောက်သောက်ပါ။ တစ်ခါသောက်နှင့်မပျောက်က နောက်ထပ်တစ်ခါ ထပ်သောက်လျှင် ပျောက်ပါသည်။

## တားရှလျှင် သွေးတိတ်စေနည်း

ညက်သောဆန်မှုန့်ကိုဖြစ်စေ၊ ဂျုံမှုန့်ကိုဖြစ်စေ တစ်ခုခုကိုယူ၍ တားရှသည့်နေရာပေါ်တွင် သိပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရေးချိုးမမှားနည်း

ညအခါနေစောင်းတွင်ရေချိုးမမှားလိုသော် ရေအေးတစ်ပန်ခွက်လောက်သောက်ပြီး ရေချိုးပါက မမှားနိုင်ပါ။

## လက်ကိုရေနွေးပူလောင်သက်သာနည်း

ရေနွေးဖြစ်စေ၊ မီးပူဖြစ်စေ လက်ခြေစသည့်တို့ကို အပူလောင်လျှင် ရေတွင် ဆားစပ်များများဖြစ်အောင်ဖျော်၍ ၎င်းအပူလောင်သည့်နေရာကို သုတ်လိမ်းပေးပါ။

## ကြွက်ပြေးစေနည်း

ကြွက်များသွားလေ့ရှိသောနေရာမှာ ပူစီနံရွက်ကိုဖြစ်စေ၊ပင်စိမ်းရွက်ကိုဖြစ်စေ ထားပါက ကြွက်များသည်ထိုအရွက်အနံ့ကိုမခံနိုင်သဖြင့် ထွက်ပြေးပါလိမ့်မည်။

## ခြင်ကိုက်၍ယားခြင်းကိုပျောက်နည်း

ခြင်ကိုက်၍ယားနာသောနေရာကို ရှောက်ရည်နှင့်ပွတ်ပါကအယားသက်သာပါ သည်။

## ကလေးနို့ဘူးဆေးကြောနည်း

နေ့စဉ် ကလေးနို့ဘူးများကို ရေအေးနှင့်ပန်းကန်ပြားထဲ၌ထည့်၍ မီးဖိုပေါ် ၂ မိနစ် ၃မိနစ်ဆူအောင်ထားရပါမည်။

## မီးလောင်ရေနွေးပူလောင်လျှင် မနာနည်း

ဘဲဥ ကြက်ဥအကာရည်နှင့် ၎င်းမီးလောင် ရေနွေးပူလောင်သောနေရာ၏ အပေါ်တွင် သုတ်လိမ်းအုပ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဖိနပ်ဖြူ ဆေးသုတ်နည်း

ဆေးတံလုပ်သော မြေဆေးဖြူကို ပန်းကန်တစ်ချပ်တွင်ခြစ်၍ ရေနှင့်ပြစ်အောင် နယ်ပါ။ ဖိနပ်မှ အညစ်အကြေးတို့ကို ဖိနပ်ဘီးနှင့်တိုက်ပေး ထိုပြစ်အောင်နယ်ထားသော မြေဖြူဆေးနှင့်သုတ်ရပါမည်။ အဝတ်နှင့်ပွတ်တိုက်ရပါမည်။ ၎င်းနောက်ခြောက်အောင် လှမ်းထားရပါမည်။

## ဖိနပ်အရောင်ထွက်အောင်လုပ်နည်း

ဖိနပ်အနက်ကို သံပုရာသီးခြမ်းနှင့်ပွတ်တိုက်ပြီးခြောက်သွေ့သည့်အခါ နူးညံ့သော အဝတ်နှင့်ပွတ်တိုက်ရပါမည်။

## ဖိနပ်ဆေးကောင်းအောင်လုပ်နည်း

သားရေဖိနပ်အမဲများကို သာမန်ဖိနပ်အမဲဆေးများတွင် နွားနို့အနည်းငယ် ရောပြီး ပွတ်တိုက်ပေးပါ။

## စွတ်စိုထိုင်းမှိုင်းသောသားရေအမဲကိုဆေးတိုက်နည်း

ဖိနပ်ဆေးအတွင်းသို့ ကတ္တရာပြန်ဆီတစ်စက်နှစ်စက်မျှရောချ၍ တိုက်လျှင် မည်မျှပင်စွတ်စိုထိုင်းမှိုင်းနေသော်လည်းမကြာမီ အရောင်ပြောင်လက်လာပါလိမ့်မည်။ ကတ္တရာပြန်ဆီသည် သားရေကိုမကွဲအက်ပေ။

## ဖိနပ်အသံမည်ပျောက်နည်း

သားရေနောက်ပိတ်ဖိနပ်နှင့်ဘွတ်ဖိနပ်တို့သည် စီနင်းသည့်အခါ ကျွိကျွိ ကျွိကျွိ နှင့်အသံကျယ်စွာမြည်တတ်သည်။ ထိုမြည်သံပျောက်အောင်သားရေကို

www.burmeseclassic.com

www.burmeseclassic.com



ဆီအနည်းငယ်နှင့်သုတ်လိမ်းပြီးလျှင် ဖိနပ်ခုန်မြုပ်အောင်ဆားထည့်၍ ဖျော်ထားသောရေထဲတွင်တစ်ည ကြာအောင်စိမ်ထားပါ။ထိုသို့လုပ်၍ အမြည်မပျောက်လျှင် နောက်တစ်ခါ နှစ်ခါအမြည်မပျောက်မခြင်းလုပ်ပါ။

## ဖိနပ်ကျပ်လျှင်ချောင်အောင်လုပ်နည်း

အဝတ်တစ်ခုကို ရေနွေးနှင့်ဆွတ်ပြီးကျပ်သည့်နေရာမှာထည့်၍စီးပါ။ ဖိနပ်ချောင်လာပါလိမ့်မည်။ အဝတ်ကိုမကြာခဏထုတ်၍ ရေနွေးဆွတ်လျှင်သားရေသည် ခြေထောက်ပုံအတိုင်းဖြစ်လာလိမ့်မည်။

## ဖိနပ်ဖြူမှအကွက်အစွန်းချွတ်နည်း

ကွက်စွန်းနေသောနေရာကို ဦးစွာအဝတ်ဖြူစာစ်စကိုရေဆွတ်၍ ပွတ်တိုက်ပြီး ဘန်ဇင်း သို့မဟုတ် ဂဲစိုလင်နှင့်ထပ်ခါ တာလဲလဲအဝတ်နု အဝတ်ချောနှင့်တိုက်လျှင် အကွက်အစွန်းများပျောက်၏။ ဘန်ဇင်းနှင့်ဂဲစိုလင် နှစ်မျိုးလုံးသည် မီးဟပ်ကူး၍လောင် လွယ်သဖြင့် မီးအနီး၌မလုပ်ပါနှင့်။

## သားရေဖိနပ်ရှိ ရွှံ့ကိုပွတ်တိုက်နည်း

သားရေဖိနပ်တွင် ရွှံ့ပေလျှင် ကော်ဖောတစ်ခုမှ အစငယ်တစ်ခုဖြတ်၍ သစ်သားတွင် ကော်နှင့်ကပ်ပြီး ၎င်းရွှံ့ကွက်ကို ပွတ်တိုက်ပါ။

## ကော်ဖောများပုံခါနည်း

ပထမအချောဘက်ကို မြက်ပေါ်မှာမှောက်၍ ခုတ်ကလေးနှင့် အပေါ်ရိုက် ၎င်းနောက်လှန်၍ အကြမ်းဘက်ကို အောက်ကထားပြီး ခုတ်နှင့်အပေါ်ကရိုက်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com


## ကျောက်စားပွဲဆေးနည်း

အဝတ်လျှော်ရာတွင် အသုံးပြုသည့် ဆော်ဒါမှုန့်(၃)ကျပ်ခွဲသား၊ အုတ်ရှပ်ခဲမှုန့် (၂)ကျပ်မတ်တင်းသား၊ မြေဖြူမှုန့်(၂)ကျပ်မတ်တင်းသား တို့ကိုရေအေးနှင့်ရော၍ ကော်ကဲ့သို့ဖြစ်အောင်လုပ်ပြီး ၎င်းဆေးကြောရန်လိုသော ကျောက်ကိုသုတ်လိမ်း ပွတ်တိုက်ပါက အစွန်းအကွက်တို့ပျောက်ပျက်သွားပါလိမ့်မည်။

## မှန်များဆေးနည်း

မှန်ပြူတင်း၊ ကိုယ်လုံးပေါ်မှန်စသည်တို့ကို ရေနွေးတင် ထင်းရှူးဆီအနည်းငယ် ထည့်၍ဆေးလျှင် အလွန်စင်ကြယ်လာပါလိမ့်မည်။ ထင်းရှူးဆီမထည့်ဘဲ အရက်ပျံထည့်လျှင်လည်းရပါသည်။

## ထီး သံချေးမတက်စေသောနည်း

ထီးများ မိုးရေစွတ်စိုသည့်အခါ တည့်တည့်ထောင်မထားပါနှင့် ဖွင့်၍ဖြစ်စေ၊ လက်ကိုင်ကိုအောက်သို့ ထောင်၍ဖြစ်စေထားပါ။ သို့ဆိုလျှင် ထီးသံချောင်းနှံ့ သံချေးမတက်နိုင်ပါ။

## အရောင်တင်ဆီသုတ်သည့်အရာတွင် အစင်းများပျောက်နည်း

အရောင်တင်ဆီသုတ်ထားသော စားပွဲ၊ ကုလားထိုင်စသည့်တို့တွင် ခြစ်ရာ၊ တိုက်ရာ၊ အစင်းကြောင်းများ ပျောက်သွားအောင် ပိုက်ဆီနှင့်တာလပင်ဆီတို့ကို ဆတူစပ်ပြီး ၎င်းအစင်းကြောင်းများပေါ်မှ ကောင်းစွာသုတ်လိမ်းပေးပါ။ ခြောက်သည်နှင့် ၎င်းအပေါ်သို့ အဝတ်ချောချောနှင့် ခပ်မြန်မြန်ပွတ်ရပါမည်။

www.burmeseclassic.com

## သားရေကုလားထိုင်များဆေးကြောနည်း

ကုလားထိုင်များရှိ သားရေအရောင်အဆင်းနွမ်းပါလာလျှင် ဘဲဥ(သို့)ကြက်ဥ (၃)လုံးမှ အကာရည်ကိုယူ၍ ခွက်တွင်ထည့်ပြီး ပြစ်လာအောင်မွှေခေါက်ပါ။ ထို့နောက်အဝတ်နှင့်တို့၍ သားရေကိုပွတ်ပါ။ ထို့နောက် နူးညံ့သောအဝတ်နှင့် ပွတ်တိုက်လျှင် သားရေ၏အရောင်ထွက်လာပါသည်။

## ဆီဆေးပန်းချီကားဆေးနည်း

ဟောင်းနွမ်းအရောင်မှိန်သည့် ဆီဆေးပန်းချီကားများကို အာလူးစိမ်း လတ်လတ်ကို ဓားနှင့်လှီးပြီး ရေအေးတါင်နှစ်၍ အရုပ်ကားကိုပွတ်တိုက်ပါ။ ထို့နောက် ပင်လယ်ရေမြှုပ်ဖြစ်စေ၊ ပိတ်စကိုဖြစ်စေ ရေအေးတွင်နှစ်၍ သုတ်ဆေးပါ။ ခြောက်လျှင် ရေလျှော်ပြီးနူးညံ့သောအစနှင့် ပွတ်လျှင်အရောင်ထွက်လာပါသည်။

## သစ်သားစည်ပိုင်း ရေမယိုနည်း

သစ်သားစည်ပိုင်းကို ခြောက်သွေ့အောင်မထားပါနှင့်ကွဲတတ်သည်။ ရေအနည်းငယ်ကို အစဉ်မပြတ်စည်ပိုင်းအတွင်း ထည့်ထားရပါမည်။

## ကုလားထိုင်၊ စားပွဲများရှိဆေးဖျက်နည်း

ကုလားထိုင် စားပွဲများရှိ အရောင်တင်ဆီဆေးသည် ဟောင်းနွမ်းသဖြင့် ၎င်းတို့ကို ဖျက်ချင်လျှင် ကော်ပတ်စက္ကူနှင့် ပွတ်တိုက်ပြီးဖဝက်သာကို အဝတ်စမှာ ဆွတ်၍ သုတ်လိမ်းပေးပါက အရောင်တက်လာပါသည်။

## သားလှီးဓားထက်အောင်ထားနည်း

သားလှီးဓားကို အစဉ်သဖြင့်ထက်အောင် ပူနေသောဆီထဲသို့ မထည့်ပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

## မှန်ကိုကြည်အောင်လုပ်နည်း

ထုံးကိုအဝတ်မှာဆွတ်ပြီး မှန်ကိုပွတ်ပါ။ ပွတ်ပြီးအဝတ်ခြောက်နှင့် ပွတ်ပေးပါ။

## စက္ကူများ မီးတောက်မထွက်နည်း

စက္ကူများကိုကောင်းစွာလိပ်၍ ကြေးနန်းကြိုးဖြင့်ပတ်ပြီး မီးရှို့ပါက မီးတောက်မထွက်ပါ။

## ပန်းခိုင်များတာရှည်ခံနည်း

ပန်းခိုင်၊ ပန်းခက်ထည့်သည့် အိုးထဲသို့ ယမ်းစိမ်းအနည်းငယ်ထည့်၍ မွှေပေးရပါမည်။ အနည်းငယ် အနံ့ထွက်လျှင် သကြားနည်းနည်းထည့်ပေးပါ။

## မျက်မှန်ကြည်လင်နည်း

အရက်ပျံကို သန့်ရှင်းသည့် အဝတ်စတွင်ဆွတ်၍ မှန်ကိုပွတ်ပါ။ ထို့နောက် နူးညံ့ပြော့ပျောင်းသောအဝတ်စနှင့် ပွတ်တိုက်ပေးရပါမည်။

## ကတ်ကြေးထက်အောင်လုပ်နည်း

မောင်းချဓားကိုဖွင့်ပြီး၊ ဓားနောက်ဘက်ကို ကပ်ကြေးနှင့်အရှည်လိုက် ပွတ်တိုက်ညှပ်ပါ။ ထိုအခါ ချော်ချော်၍သွားခြင်းသည် ကပ်ကြေးကိုထက်စေပါသည်။ ဆယ်ခါ၊ ဆယ့်နှစ်ခါလောက်လုပ်ပေးလျှင် ကပ်ကြေးအလွန်ထက်လာပါမည်။

## ပြူတင်းမှန်ဆေးပျောက်နည်း

ပြူတင်းမှန်ဆေးပေလျှင် အဝတ်တစ်ခုကို ရှာလကာရည်အပူထဲစိမ်၍ သုတ်လျှင် ထိုဆေးများ အလွယ်တကူထွက်သွားပါကြာလျှင်၊ ၎င်းတို့ကိုသယ်ပစ်၍

www.burmeseclassic.com

 www.burmeseclassic.com 

ဆပ်ပြာနှင့်ရေနွေးပူပူတိုက်၍ ဆေးပါ။ နှစ်ခါ၊ သုံးခါထပ်၍ တိုက်လျှင်ပျောက်ပါသည်။

## ကော်ဇောဆေးနည်း

ကော်ဇောအလွန်ညစ်နွမ်းနေလျှင် အဝတ်လျှော်ဆပ်ပြာနှင့် ပထမပွတ်တိုက်ပါ။ ထို့နောက် ဖဝက်သာနှင့် ရောစပ်ထားသောအရည်တွင် ဖလန်နယ်စတစ်ခုကိုနှစ်၍ အရည်ညှစ်ပြီး ဖလန်နယ်စနှင့် ကော်ဇော်အလှဘက်ကိုပွတ်တိုက်ပေးပါ။ ပွတ်တိုက်ဆေးကြောပြီး နေလှန်းပေးပါ။

## ကုလားထိုင် အက်ကွဲများဖာနည်း

စားပွဲ၊ ကုလားထိုင်၊ ဘီရိုစသည့် သစ်သားပရိဘောဂများ အက်ကွဲရာများ ပျောက်အောင် ပျားဖယောင်းကိုသစ်သားနှင့် လိုက်အောင်ဆေးဆိုး၍ အက်ကွဲရာများထဲ ရောက်အောင်ထည့်ပေးပါ။

## ထရံရှိဓါတ်ပုံများမထိုင်းမှိုင်းအောင်လုပ်နည်း

တိုက်ထရံက အေးသောဓာတ်သည် ဓာတ်ပုံ၏အတွင်း ဘက်ထောင့်များတွင် ထိုင်းမှိုင်းသောရေအေးငွေ့တို့ရောက်ရှိစေသည်။ ဓာတ်ပုံ၏ ဘောင်ထောင့်များတွင် ကျောဘက်ဖေါ့ခပ်ထူထူကပ်ပေးခြင်းဖြင့် ထရံနှင့်ကွာ၍ ထိုင်းမှိုင်းခြင်းမှ လွတ်ကင်းစေပါသည်။

## မှန်အရောင်တောက်နည်း

မှန်ကို ဆေးကြော၍အခြောက်ခံပြီး ဝိုင်အရက်နှင့်ပွတ်ပါ။ ထို့နောက် ရေပါသောစက္ကူနှင့် နာနာတိုက်ပေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## ကော်ဇောပိုးမကိုက်အောင်လုပ်နည်း

ကော်ဇောမခင်းမီ သတင်းစာစက္ကူများကို ဖြန့်ခံထားပါ။ သတင်းစာရိုက်သည့် ဆေးရည်များသည် ပိုးမွှားနှင့် မတည့်သောကြောင့် ကော်ဇောကို ပိုးမကိုက်တော့ပါ။

## ကျောက်ရုပ်များပြောင်အောင်တိုက်နည်း

ကျောက်စားပွဲ ကျောက်ရုပ်များဈေးတင်၍ မပြောင်လက်ပါက ၎င်းတို့ကို ဆပ်ပြာနှင့်ပွတ်၍ ရေနှင့်ဆေးကြောပေးပါ။ ပြီးလျှင် အုတ်ခဲမှုန့်နှင့် သံပုရာရည်ကို ခပ်ပြစ်ပြစ်ရော၍ အရောင်ပျက်သောနေရာများကို ကောင်းကောင်းပွတ်တိုက်ပါ။ ထို့နောက် ရေအေးနှင့် ဆေးကြောပေးရပါ။

## စကားဝါပန်းကြာရှည်ခံနည်း

ကျောက်ချဉ်ကို ရေနှင့်ပြုတ်ပြီး အအေးခံထားပါ။ ထို့နောက် ထိုရေနှင့် ပုလင်းဖြူဖြူစင်စင်အတွင်းမှာ စကားဝါပန်းထည့်ပြီး လေမဝင်အောင် ပုလင်းဆို့ကို ပိတ်၍ ချိတ်ဂဝ်ထားပါက နှစ်အတော်ကြာခံပါသည်။

## ပန်းများကိုကြာကြာသယ်ယူနည်း

အာလူးအစိမ်းကို ဓားကလေးနှင့် အနည်းငယ်ခွဲပြီး၊ ၎င်းခွဲထားရာကြားတွင် ပန်းခိုင်အညှာတံကို ခိုင်စွာညှပ်ထားပါက တနင်္ဂနွေနှစ်ပတ်လောက်ပန်းများ လတ်ဆတ်နေပါမည်။

## မျက်မှန်ကြည်လင်အောင်လုပ်နည်း

မျက်မှန်ကို ဆပ်ပြာနှင့်ဖြစ်စေ၊ သွားတိုက်ဆေးနှင့်ဖြစ်စေ နေ့တိုင်းပွတ်ရသည်။ ထိုသို့ပွတ်ပြီး မှန်ရောင်ပြောင်လာအောင် အဝတ်နှင့် ပွတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရေနောက်ကြည်နည်း

ရေနောက်(၁၂)ပိဿာတွင် ကျောက်ချဉ်မှုန့် လက်ဖက်ရည်ဇွန်း(၁)ဇွန်းထည့်ပြီး၊ ရေကိုခပ်မြန်မြန်မွှေပြီး ခေတ္တငြိမ်သက်စွာထားရမည်။ ထိုအခါ အပေါ်ယံရေသည် ကြည်လာပါလိမ့်မည်။ ကြည်လာသောရေကို စောင်း၍လောင်းထည့်ပြီး အသုံးပြုနိုင်ပါသည်။

## ကော်ဇောသစ်စေနည်း

ကော်ဇောကို ပထမတံမြက်စည်းနှင့်လှဲပေးပါ။ အဝတ်တစ်ခုကို ဖဝက်သာရေနှင့် ရေရိုးရိုးရောထားသောရေတွင် စိမ်၍၊ ၎င်းအဝတ်နှင့် ကော်ဇောကိုပွတ်ပေးပါ။

## ဆေးအမြုကိုဆေးကြောနည်း

သေတ္တာတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ သုတ်ထားသော ဆေးအမြုသည် ညစ်ညမ်းပေါင်းနွမ်းတတ်ပါသည်။ ဖလန်နယ်စကို ရေနွေးတွင်ဆွတ်၍ညှစ်ပြီးနောက် ထိုဖလန်နယ်တွင်ကပ်နိုင်သလောက် သုတ်၍ပွတ်တိုက်ပေးပါ။ တိုက်ချွတ်ပြီးခြောက်သွေ့အောင်သုတ်ပါ။

## ကြွေမ်ကုလားထိုင်တင်းနည်း

ကြွေမ်ကုလားထိုင်များ အောက်ကညွတ်နေလျှင် ခိုင်၍ဖြောင့်မတ်အောင် လုပ်လိုပါက၊ ၎င်းကို ရေနွေးနှင့် ဆေးကြောပြီးနောက် လေဟာပြင်ထဲတွင် လှန်းထားရပါမည်။

## မင်ကွက်များပျောက်အောင်လုပ်နည်း

စားပွဲ၊ ကုလားထိုင်တို့ပေါ် မင်ဖိတ်၍အကွက်ထင်ခဲ့သော် ကျွမ်းစိမ်းဆီနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြက်တောင်ကိုနှစ်၍ ၎င်းကြက်တောင်နှင့် မင်ကွက်များကိုသုတ်ပေးပါ။ မင်ကွက်ပျောက်သွားသည်နှင့် တပြိုက်နက်ရေဆွတ်ထားသော အဝတ်နှင့်ပွတ်လိုက်ပါ။ ထိုသို့မလုပ်လျှင် ယမ်းစိမ်းက သစ်သားကိုစားသွားပါလိမ့်မည်။

(ယမ်းစိမ်းဆီမရနိုင်လျှင် သံပုရာရည်နှင့် မွတ်နိုင်သည်။)

## ကြည့်မှန်များပြောင်အောင်လုပ်နည်း

အိမ်ရှိ ကြည့်မှန်ကို ပြောင်အောင်အဝတ်စုတ်ကို သစ်အရက်ပျံရည်နှင့် ဆွတ်၍ ၎င်းမှန်ကိုပွတ်ပေးပါ။

## မှန်ရှိပြဒါးမပျက်အောင်ထားနည်း

ပြဒါးပါသည့် မှန်များကို နေရောင်တည့်တည့်ထိုးကျသောနေရာတွင် မထားပါနှင့်။

## မှန်ပြူတင်းတွင်းစာရေးနည်း

မှန်ပြူတင်း၊ မှန်စသည်တို့တွင် ဆပ်ပြာတုံးခပ်ကောင်းကောင်းနှင့် စာရေးပါက အလွယ်တကူမြင်နိုင်ပါသည်။ ရေးထားသည့်စာကို အဝတ်နှင့်ပွတ်လျှင် အလွယ်တကူ ပျက်ပါသည်။

## ဆင်စွယ်ရိုးကိုပြောင်စေနည်း

ဆင်စွယ်ရိုးချေးတက်၍ အရောင်အဆင်းပျက်နေလျှင် သံပုရာသီးကို ထက်ခြမ်းခွဲ၍ ဆားတွင်နှစ်ပြီး ဆင်စွယ်ရိုးကိုကောင်းစွာပွတ်တိုက်လျှင် ပြောင်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ဓါတ်ပုံဘောင်မကွဲအောင်သံရိုက်နည်း

ဓါတ်ပုံဘောင်၊ အရုပ်ကားဘောင်စသည်တို့ကို သံရိုက်လျှင် မကွဲမအက်ရအောင် သံများကို ဆပ်ပြာတုံးနှင့် ပွတ်ပြီးရိုက်ပါ။

## စာအုပ်များကြာရှည်ခံအောင်ထားနည်း

စာအုပ်များကို အပုံးအကာမရှိသော စာအုပ်စင်မှာ တင်၍ထားပါ။

## အပ်ချုပ်စက်ကောင်းစွာသုံးနည်း

စက်ကို ချေးကင်းအောင် ကိုင်တွယ်ရမည်။ ဆယ်နာရီလောက်သုံးပြီးတိုင်း စက်ထဲသို့ စက်ဆီထည့်ပါ။ ပေကျံနေသာဆီစက်တို့ကို ကောင်းစွာသုတ်ပါ။ အရှိန်ရအောင် အားယူပြီးမှဖြည်းဖြည်းချုပ်ပါ။ စက်ကိုရပ်လိုပါက ဖြည်းဖြည်း အရှိန်သတ်၍ ရပ်ပါ။ ရုတ်တရက် မရပ်ပါနှင့် ချုပ်စခိုင်အောင် တစ်လက် မလောက်ပြန်၍ချုပ်ပါ။

## စက္ကူပေါ်ရှိ ဆီစက်ပျောက်စေသောနည်း

စက္ကူပေါ်သို့ဆီစက်ကျလျှင် ဆေးတန်လုပ်သောမြေစေးကို ပြစ်နေအောင်ဖျော်၍ ထိုဆီစက်ကျရာပေါ်သို့ တင်ပြီးသုတ်ပါ။ ကောင်းစွာခြောက်အောင်လှန်းပြီး ပြစ်နေသော မြေစေးမှုန့်ကိုဖယ်လိုက်ပါ။

## ရွှေရောင်ဓါတ်ပုံဘောင်များပြောင်လက်နည်း

ဟောင်းနွမ်း၍ရွှေရောင်မပြောင်သော ဓါတ်ပုံကားဘောင်များကို ကြက်သွန်နီထက်ခြမ်းခွဲပြင့်ပွတ်တိုက်ပြီး ရေဆေးကြောပေးလျှင် ပြောင်လက် လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကော်ဇောပေါ်ရှိကြပ်ခိုးပျောက်အောင်လုပ်နည်း

ကော်ဇော်ပေါ် ကြပ်ခိုးကျလျှင် ဆားလက်နှစ်ဆုပ်ခန့်ကို တစ်ခါတည်းဖြောက် အောင် မိးပေါ်တင်ပြီးလျှင် ကြပ်ခိုးပေါ်ချပါ။ ထို့နောက်ဘီးနှင့်ဖိးလိုက်လျှင် ကြပ်ခိုး အနက်ကွက်များ ထွက်သွားပါမည်။

## စားပွဲအံများကျပ်လျှင်ချောင်ချောင်ခစနည်း

စားပွဲ၊ ဘီရိုအံများကျပ်နေလျှင် ဆပ်ပြာကိုးနှင့် ၎င်းအံများ၏အတွင်းဘက် ကျသော ဘောင်များကိုချောအောင်ပွတ်ပေးလျှင် ချောင်လာပါလိမ့်မည်။

## ပိတ်စတွင်မင်စွန်းသည်ကိုပျောက်အောင်လုပ်နည်း

ပိတ်အဝတ်များတွင် စွန်းထင်သောမင်ကွက်ပျောက်ရန် အမဲဆီကို အရေဖျော် ပြီး မင်အစွန်းကွက်ပေါ်သို့ချပါ။ ထို့နောက် ရေနှင့်ကောင်းစွာ ဖွတ်လျှော်လျှင် အစွန်းပျောက်ပါသည်။

## လက်ဖက်ရည်အစွန်းပျောက်နည်း

အဝတ်များလက်ဖက်ရည်စွန်းလျှင် ရေနွေးပူပူနှင့် ထိုစွန်းသောနေရာကို လောင်းကပျောက်ပါသည်။

## မီးကျွမ်းရာပျောက်နည်း

အကျီများပေါ်တွင် ဆေးလိပ်မီးပွားကျ၍လည်းကောင်း၊ မီးပူကျွမ်းလျှင် လည်းကောင်း မီးကျွမ်းအရာပျောက်အောင် ကြက်သွန်ကိုထက်ခြမ်းခွဲပြီး ပွတ်ပေးက ပါက ပျောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကွမ်းသွေးအစက်ပျောက်နည်း

အဝတ်အထည်များတွင် ကွမ်းသွေးစွန်းလျှင် နို့ရေကိုစွန်းကွက်သော နေရာပေါ် ဆွတ်ဖြန်းပေးပါ။ ၎င်းနို့ရည်ခြောက်သွေ့လျှင် ကွမ်းသွေးကွက်များပျောက်သွားပါမည်။

## မင်စွန်းပျောက်နည်း

မင်စွန်းသော အဝတ်ကို ခရမ်းချဉ်သီးအရည်နှင့် ပွတ်ဆေးလျှင်အရယ်တကူ ပျောက်ပါသည်။

## အရောင်ကျွတ်အောင် အဝတ်ဖွပ်နည်း

ရေပူတွင် ဆပ်ပြာကို အမြှုပ်ထွက်အောင်ဖျော်ပြီး ၎င်းဆပ်ပြာရေအေးနှင့်ဖွတ်ပါ။ အဝတ်ရှိ ပန်းပွင့်၊ ပန်းခက်တို့၏ အရောင်သည် အစိမ်းဖြစ်လျှင် ဆပ်ပြာရေထဲတွင် ပုန်းရည်အနည်းငယ်ထည့်ပါ။ ပန်းရောင်ဖြစ်လျှင် ဇဝက်သာအနည်းငယ်ထည့်ပါ။ အမည်းရောင်ဖြစ်လျှင် ဆားအနည်းငယ်ထည့်ပါ။ ဤကဲ့သို့ထည့်ဖွပ်လျှင် ဆေးရောင်မပျက်ပါ။

## ကြက်ဥ၊ ဘဲဥရည်အစွန်းကွက်လျှော်နည်း

ဖိတ်စင်ကျသည့် ကြက်ဥ၊ ဘဲဥပေကျံသည့် အဝတ်ကို ဇေွင် တော်တော်ကြာအောင်စိမ်ထားပြီး ပွတ်လျှော်လျှင် အကွက်မထင်အောင် လွယ်ကူစွာ ပြုလုပ်နိုင်ပါသည်။

## ကတ္တီပါအဝတ်ကိုသစ်အောင်လုပ်နည်း

မီးပူ၏ မီးပူတိုက်ရာဘက်တွင် အဝတ်တစ်ခုကို ရေဆွတ်၍ကပ်ထားပါ။ ထိုကပ်ထားသောအဝတ်ပေါ်တွင် ကတ္တီပါအဝတ်အလှဘက်ကိုလှ၍

www.burmeseclassic.com



ကျောဘက်နှင့် ကပ်ထားပါ။ ထိုသို့ကပ်၍ အဝတ်စိုလာလျှင် ကတ္တီပါအမွေးကို သက္ကလပ်ဖိးသည့် နူးညံ့သောဘီးပြောနှင့် ပွတ်တိုက်၍ဖိးပေးပါ။

## ဖျင်ထည်ပေါ်ရှိဆီစက်ပျောက်နည်း

ဖျင်ထည်ပေါ်ရှိဆီကွက်ကို ဇဝက်သာပါသော ရေနွေးပူပူနှင့် ဆေးကြောပေးပါ။

## ပိတ်အထည်ပေါ်ရှိသံချေးစွန်းများပျောက်အောင်လုပ်နည်း

အဝတ်ပေါ်ရှိ သံချေးပျောက်ရန် သံပုရာရည်တွင် ဆားဖျော်၍ ထိုစွန်းကွက်သော နေရာကိုဆွတ်ဖြန်းပြီးလျှင် ၎င်းအထည်ကိုနေတွင်လှန်းပါ။ အကွက်မပျောက်လျှင် နှစ်ခါ၊ သုံးခါထပ်၍သုတ်လိမ်းပေးပါ။

BURMESE CLASSIC

## အမဲရောင်အဝတ်ရှိရွှံ့စက်ပျောက်နည်း

ထိုအဝတ်ကို ပထမအဝတ်ဖိးသည့်ဘီးနှင့်ဖိးရမည်။ ထို့နောက်ရေနွေးနှင့် ဇဝက်သာရည်ဖျော်ထားသော အရည်နှင့်ပွတ်တိုက်ပါ။

## ပန်းပွင့်ပြောက်ပါသည့် စားပွဲခင်းမီးပူတိုက်နည်း

ပန်းပွင့်၊ ပန်းပြောက်ထိုးထားသော ခန်းဆီး၊ စားပွဲခင်းတို့ကို မီးပူတိုက်လျှင် အောက်ကအဝတ်ထူထူခံထားပြီး ပန်းအလှဘက်မှောက်၍ အတွင်းဘက်သား ပေါ်က မီးပူတိုက်ရပါမည်။

## ကော်ဇောပေါ်ရှိ မှင်စက်ပျောက်နည်း

သက္ကလပ်၊ ကော်ဇောစသည့်တို့ပေါ် မင်ဖိတ်သော် မင်မခြောက်မီထိုဖိတ်စင်သော မင်ပေါ်သို့ ဆားခပ်များများတင်လိုက်လျှင်၊ ၎င်းမင်ကိုဆားကစုပ်ယူသွားပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## မီးသွေး မီးပူတိုက်ကောင်းအောင်လုပ်နည်း

ဖယောင်းအနည်းငယ်ကို ပိတ်စနှင့်ထုတ်ပြီး မီးပူ၏အောက်ပိုင်းကို ပွတ်ရပါမည်။ ထိုနောက်အဝတ်(သို့)စက္ကူပေါ်တွင် ဆားကြမ်းအနည်းငယ်ဖြူးပက်၍ ၎င်းအပေါ်မှာ မီးပူအောက်ပိုင်းကို ပွတ်တိုက်ရပါမည်။

## ဆော်ဒါမှုန့်သုံးစွဲနည်း

ဆော်ဒါမှုန့်ကို ရေနွေးပူပူတွင်ဖျော်ပြီးမှ ဖွပ်မည့်အဝတ်စိုထဲသို့ထည့်လျှင် ကောင်းပါမည်။

## ဗူးသင်းမှ စက္ကူခွာနည်း

ပုလင်းတွင်ကပ်ထားသည့် ၁စက္ကူကိုရေအနည်းဆွတ်ပေးပြီး မီးအနီးတွင် မီးငွေ့နှင့် ခဏအပူပေး ခွာလျှင်လွယ်ကူစွာကွာပါသည်။

## ချေးကွက်မစွဲအောင်ဖွပ်နည်း

ဆော်ဒါမှုန့်အနည်းငယ်ရောသည့်ထားသောရေနွေးနွေးတွင် ချေးကွက်စွန်းသော အဝတ်ကိုကြာကြာစိမ်ထားလိုက်ပါ။ ထို့နောက်မှ ဆပ်ပြာနှင့် ပွတ်တိုက်ဖွပ်ပါက ချေးကွက်ပျောက်ပါသည်။

## ရေနွေးအိတ်မျက်အောင် ရေနွေးထည့်နည်း

ရေနွေးအိတ်ထဲ ရေနွေးသည့်ပြီး ရေနွေးအငွေ့များထွက်သွားအောင် နှုတ်ခမ်းမှလက်နှင့်ညှိပ်ပေးပါက ရေနွေးအိတ်မပျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## အိုးဆေးကြောနည်း

ထမင်းအိုး၊ ဟင်းအိုးများကို ညှစ်ပြီးသံပုရာခွံနှင့် တိုက်ချွတ်ဆေးကြောလျှင် အနံ့အသက်ပျောက်ကင်းပါသည်။

## သစ်ရွက်စိမ်းနံ့မနံအောင် မီးရှို့နည်း

သစ်ကိုင်း၊ သစ်ရွက်၊ မြက်စသည့်တို့ကိုမီးရှို့လျှင် မီးပုံထဲသို့ ဆားလက်တစ်ဆုပ်လောက်ထည့်ပါက စိမ်းရွှေသောအနံ့မထွက်ပါ။

## ဖားဥစွဲပျောက်စေနည်း

စင်ကြယ်သောအဝတ်ဖြူကို ရေဆွတ်၍ဖားဥကပ်နေသော အမဲပြောက်များအပေါ်က ဖုံးအုပ်၍မီးပူတိုက်လျှင် ဖားဥအမဲပြောက်များပျောက်သွားပြီးနောက်ထပ်တဖန် ရှင်းနေရာ၌မှိုးထင်းခြင်း၊ ဖားဥစွဲကပ်ခြင်း ဖြစ်တော့မည်မဟုတ်ပါ။

## မီးသွေးမီးပူ မီးမလွန်နည်း

ရဲရဲနီသောမီးသွေးမထည့်ပါနှင့် ရဲရဲနီသောမီးပူတစ်ခါပူဖူးလျှင် မီးပူပျက်၍နောင်အခါအပူကို ကြာကြာမထိန်းနိုင်ပဲ အပူအအေးလွယ်ပြီး သုံးမရဖြစ်တတ်သည်။

## ပိုးထည်အတောင်းကို သစ်အောင်လုပ်နည်း

အချိုခြောက်လက်ဖက်ရည်ကြမ်းထဲတွင် ဖဝက်သာအနည်းငယ်ထည့်ပြီးလျှင်ငင်းအရည်နှင့် ပိုးထည်ကို အဝတ်စကလေးနှင့်ဖြစ်စေ၊ ဂွမ်းနှင့်ဖြစ်စေသုတ်ပါ။

## ပိတ်အထည်ချေးကျွတ်နည်း

ပိတ်အထည်များကို မလျှော်ခင်တစ်ညလောက်ကရေနွေးစိမ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com


ဆပ်ပြာထည့်၍လည်း စိမ်နိုင်ပါသည်။

## ပေကျံ၍ကွက်နေသော အဝတ်များလျှော်နည်း

ပေကျံသောအဝတ်များရှိ အစွန်းအကွက်များပျောက်လိုပါက ၎င်းအဝတ်ပြုတ်မည့် ရေနွေးအိုးထဲသို့ ရှောက်သီးကိုအခွံမနွာဘဲ အစိတ်စိတ်ခွဲပြီးထည့်ပါ။

## ပိတ်ထည်မင်စွန်းပျောက်နည်း

ပိတ်ထည်များမင်စွန်းလျှင် နို့ထဲတွင်နှစ်၍ တစ်နာရီလောက်ကြာအောင်ထားပြီးမှ ဖွပ်လျှင်မင်စွန်းပျောက်ပါသည်။

## အဝတ်ဖြူအရောင်ကောင်းအောင်လုပ်နည်း

ဇဝက်သာအနည်းငယ်ပါသောရေတွင် ရေမြှုပ်ဖြစ်စေ အဝတ်စခပ်ပွပွဖြင့်ဖြစ်စေ နှစ်ပြီးလျှင်၊ ၎င်းအဝတ်အထည်ကို ပွတ်တိုက်ရမည်။ ဖျင်အဝတ်ဖြစ်လျှင် ဇဝက်သာ (၃)ပုံ(၁)ပုံနှင့် အရက်ပျံဆီ(၃)ပုံ(၂)ပုံကိုရောပြီး အထက်ကနည်းအတိုင်းပွတ်တိုက်ပေးရပါမည်။

## လွယ်ကူသောအဝတ်ဖွပ်နည်း

ရေနွေးကျက်သီးနွေးတွင် ဆပ်ပြာကိုဖျော်၍လျှော်မည့် အဝတ်များကိုညဦးအခါက စိမ်ပြီးနောက်တစ်နေ့ကျမှ ဖွပ်လျှင်ချေးများနူးနေ၍ လွယ်ကူစွာဖြူစင်အောင်ဖွပ်လျှော်နိုင်ပါသည်။

## အဝတ်မတွန့်အောင်လုပ်နည်း

သက္ကလပ်ထည်၊ ဖလန်နယ်စသည်တို့ကို လျှော်ဖွပ်ပြီး ကြိုးပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com


အဝတ်ကိုရေမည့ုစ်ဘဲဖြန့်ထားပါက မတွန့်တော့ပါ။

## အဝတ်ပါး မတွန့်အောင်ချုပ်နည်း

ပါးလျားသောအဝတ်အောက်မှ ရေစက္ကူခံပြီး စက်ချုပ်လျှင် ချုပ်ရိုးကောင်းပြီး မတွန့်ပါ။

## ချည်ထည် ကတ္တရာစေးပေလျှင်ပျောက်နည်း

ချည်ထည် ကတ္တရာစေးပေလျှင် ထိုနေရာပေါ်တွင်ထောပတ်အနည်းငယ် သုတ်လိမ်းထားပါ။ ထိုထောပတ်ထဲသို့ ကတ္တရာစေးစိမ့်ဝင်သွားအောင် အတော်ကြာကြာထားပြီးနောက်မှ ရေဖြင့်ဖွပ်လျှော်လျှင် ကတ္တရာစေးများ ကျွတ်ထွက်သွားပါလိမ့်မည်။

## ဆပ်ပြာတောင့်ကောင်းစွာထားနည်း

ဆပ်ပြာတုံး၊ ဆပ်ပြာတောင့်များကို တာရှည်ခံအောင် တစ်တောင့်နှင့် တစ်တောင့်ခပ်ခွာခွာအလျားလိုက်ချပြီးနောက် ၎င်းတို့အပေါ်တွင် ကန့်လန့်ဖြတ်၍ ခပ်ကျဲကျဲချထားပါ။ ထိုသို့ချထားလျှင် ဆပ်ပြာတောင့်မျက်နှာစာကို လေဟတ်နိုင်သဖြင့် ကောင်းစွာရှိလိမ့်မည်။

## ဓားရိုးတပ်နည်း

ထင်းရှူးစေးကိုအမှုန့်ကြိတ် ဓားရိုးထဲထောင်းထည့်ပြီး ဓားသွားနှောင့်ကိုမီးကင်၍ ဓားရိုးထဲပြန်တပ်လျှင် နောက်ထပ်မကျွတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဝါးစားပွဲ၊ ကုလားထိုင်ဆေးကြောနည်း

ဝါးစားပွဲ၊ ကုလားထိုင်များမှ ဖုံများကိုအားလုံးခါပြီး ဆားရေနှင့် ဆေးကြေပေးပါ။ ခြောက်သွေ့သောအခါ နူးညံ့သောအဝတ်နှင့် ပွတ်တိုက်ပေးပါ။ တစ်ခါလောက် ဆေးကြောပေးလျှင် နောက်ကိုဖုံခါပေးလျှင်ရပါသည်။

## သစ်ပင်ပိုးမကိုက်နည်း

ပန်းပင်၊ သစ်သီးပင်များကို အမြစ်ရင်းက ပိုးစားမည်ထင်လျှင် မသုံးသေးသေမီးခြစ်အနည်းငယ်ကို ခေါင်းဘက်လှည့်စိုက်ထားပါ။ မီးခြစ်စံတွင်ပါဝင်သေကန့်ကြောင့် ပိုးမကိုက်နိုင်ခြင်းဖြစ်ပါသည်။

## ရွှံ့စက်ပျောက်အောင်လုပ်နည်း

အားလူးစိမ်းကို ပါးပါးလှီးပြီး ရွှံ့စက်ရှိသော အဝတ်ကိုပွတ်တိုက်ပပျောက်ပါလိမ့်မည်။

## ချေးကျွတ်အောင်လုပ်နည်း

ဗိတ်ထည်များ ချေးကျွတ်လိုလျှင် ၎င်းအဝတ်များကို တစ်ညဉ့်လောငရေနွေးစိမ်ထားပါ။ ဆပ်ပြာမှုန့်ထည့်ပြီးလည်း စိမ်ထားနိုင်ပါသည်။

## သွေးစက်ပေသောအဝတ်ဖွပ်နည်း

ရေထဲတွင် ဇဝက်သာရည်ခပ်ပြစ်ပြစ်ထည့်၍ သွေးပေသောအဝတ်ငအတော်ကြာကြာစိမ်ထားပြီးမှ ဖွပ်လျှော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## သိုးမွေး ဆွယ်တာဖွပ်နည်း

ပထမဦးစွာ အဝတ်မှုံများကိုရိုက်ခါပြီး ရေခပ်နွေးနွေးတွင်ထည့်၍ ဆောင့်ပြီးညှစ်ပြစ်ပါ။ ထို့နောက် ဆပ်ပြာပါသော ရေနွေး(သို့)အဝတ်လျှော်ဆော်ဒါတွင် လက်ချားလက်ဖက်ရည်(၁)ဇွန်းလောက်ထည့်ပြီး ရေပေါ်တွင်ငြင်သာစွာဆောင့်ပါ။ ဆီစွန်းသောအကွက်ရှိလျှင် လက်ကိုဆပ်ပြာလူး၍ ထိုနေရာကိုပွတ်ပါ။ သိုးမွေးကို ဆပ်ပြာနှင့်မထိပါစေနှင့် နောက်ထပ်ရေနွေး(၃)ကြိမ်လောက်ရေလဲ၍ ဆောင့်ပါ။ နောက်ဆုံးရေတွင် မဲနယ်အနည်းငယ်ထည့်ပါ။ (၁)ရက်(၂)ရက်လောက်အစွန်းဘက်ကို ဖြန့်၍လှန်းပါ။

## ဖလန်နယ်ပိုမပျက်အောင်ချုပ်နည်း

ဖလန်နယ်ကိုမချုပ်မီ သံပုံးတွင်ထည့်၍ အပေါ်တွင်ဆူအောင်ပူသော ရေနွေးလောင်းထည့်ပါ။ ရေနွေးပူအေးသွားမှ ရေကိုညှစ်၍လှန်းရမည်။ အဝတ်ခြောက်လျှင် ပုံမပျက်တော့ပါ။

## လက်ကိုင်ပုဝါ မီးပူတိုက်နည်း

လက်ကိုင်ပုဝါကိုဖြန့်၍ အလယ်ခေါက်ကစပြီးလျှင် မီးပူတိုက်လျှင် ညီညာပြန့်ပြူး နေပါသည်။

## ခြင်မလာစေသောနည်း

ဖယောင်း(၁)မူးသားနှင့် ပရုပ်(၂)ကျပ်သားတို့ကို ကောင်းစွာရောစပ်၍ မှန်အိမ်မီးခွက်ပြောင်းအပေါ်မှ ဆွဲထားသောသံပြားတွင် ကပ်ထားပါက မီးအပူရှိန်ကြောင့် အနံ့ထွက်လာပါလိမ့်မည်။ ခြင်များ အနံ့အငွေ့ဓာတ်ကို မခံနိုင်ပြေး၍ ထွက်ပြေးကြပါမည်။

www.burmeseclassic.com

www.burmeseclassic.com


## ယင်တောင်မောင်းနည်း

ကာဘော်လစ်ဆိ အနည်းငယ်ကို မီးဖုတ်ထားသောသံပြားပေါ်တွင်ချ၍ အခန်းအတွင်းနံ့အောင်လိုက်၍ ယပ်ခတ်ရမည်။

## သွားပွတ်တံဆေးကြောနည်း

သွားပွတ်တံကို ရေနွေးနှင့်ဆေးလျှင် ဖောင်ဖော်သောအနံ့များပျောက်ကင်းပါသည်။

## ပန်းအိုးထဲရှိပန်းများကြာရှည်ခံနည်း

ပန်းအိုးထဲ၌ ကန့်မှုန့်အနည်းငယ်ထည့်ထားပါလျှင် ပန်းများသည် အရောင်မညှိုးဘဲ လတ်လတ်ဆတ်ဆတ်နှင့် (၂)ပတ်ခန့်ခံပါလိမ့်မည်။

## သိုးမွေးအကျႌပိုးမတောက်နည်း

ဂျပ်ကောင်းမှုန့်ကို သိုးမွေးဆွယ်တာ အဝတ်အတွင်းကောင်းစွာပက်ထည့်၍ ၎င်းအထည်တို့ကို သတင်းစာနှင့် ကောင်းမွန်စွာထုပ်ပြီး လုံအောင်အစများကို ကော်နှင့်ကပ်ထားရပါမည်။

## ကြွေထည်အရောင်မမှိန်နည်း

ကြွေထည်များ ပွန်းပဲ့ရာ၊ အက်ရာထင်ပြီး အရောင်မှိန်နေလျှင် ထိုနေရာများကို လက်သည်းဖျက်ဆေးခပ်ထူထူသုတ်ပေးပါ။

## ခွေးအားဆေး

အသီးအရွက်ကြော်ရာတွင် ရရှိသောအရည်နှင့် ခွေးစာအတူရောနယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ခွေးများအတွက် အရသာရှိပြီး ဗိတာမင်ဓာတ်ကြွယ်ဝစေမည်။

## ထမင်းကြမ်းဆန်ပြုတ်

ညကရေခဲသေတ္တာထဲထည့်ခဲ့သော ထမင်းကြမ်းကို ရေသင့်အောင်ထည့်ပြီး ဆန်ပြုတ်ကြိုပါ။ နှစ်သက်ရာကြက်သွန်မိတ်၊ ရေပ်ကောင်းစသည်တို့ထည့်ပြီး သုံးဆောင်နိုင်ပါသည်။

## ကြွယ်သီးစုနည်း

မဝတ်တော့ပဲလွှင့်ပစ်မည့် အင်္ကျီအဟောင်းများမှ ကြွယ်သီးများကိုဖြုတ်ပြီး တွယ်ချိတ်ခပ်ကြီးကြီးမှာစွပ်ထားပါ။

## ကရင်မ်ဘူး

ခရီးသွားတဲ့အခါ နေ့လိမ်းနဲ့ညလိမ်းကရင်မ်တွေကို မျက်ကပ်မှန်ဘူးအဟောင်း ထဲထည့်ယူသွားနိုင်ပါတယ်။

## အသားအရေစိုပြည်နည်း

သံလွင်ဆီ လက်ဖက်ရည်ဇွန်း(၁)ဇွန်းခန့်ရေထဲထည့်ပြီး ရေချိုးပါ။ အဆီပြန်အသားအရေဖြစ်လျှင် ရေထဲကိုဆားအနည်းငယ်ထည့်ပြီး ရေချိုးပါ။ ထိုးစိုက်ထားပါ။

## ပုရွက်ဆိတ်ပြေးနည်း

သခွားသီးအခွံပါးပါးလှီး၍ ပုရွက်ဆိတ်နေသောနေရာများ၌ ချထားလျှင် မုချထွက်ပြေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ဆီမစဉ်အောင်ကြော်နည်း

ကြက်ဥ၊ ဘဲဥများကြော်သည့်အခါ ဆီစက်မစဉ်အောင်ဆီတျက်လျှင် ဆီအယ်အိုး အတွင်းဂျုံမှုန့်အနည်းငယ်ထည့်ပြီးမှ ကြက်ဥ၊ ဘဲဥကိုဖောက်ထည့်ပါ။

## ဘီးတာရှည်ခံနည်း

ဘီးများကို ဆပ်ပြာရည်ဖြင့်ကောင်းစွာဆေးပြီး ခြောက်သွေ့လျှင် သံလွင်ဆီ အနည်းငယ်ဖြင့် ပွတ်တိုက်ပေးပါ။ ကြာရှည်အသုံးခံပါသည်။

## ကော်ရည်

ကျောက်ချဉ်ရည် လက်ဖက်ရည်ဇွန်း(၁)ဇွန်းခန့်ကို ရေအဝက်သား (၂ကျပ်ခွဲသား)ခန့်တွင် အရည်ပျော်အောင်ဖျော်ပြီး ၎င်းအရည်ထဲသို့ဂျုံမှုန့် အနည်းငယ်ထည့်၍ ပျစ်အောင်မွှေပေးပါ။ ပျစ်လာလျှင် ဒယ်အိုးထဲထည့်ပြီး မီးအေးအေးဖြင့် ကော်ဖြစ်လာအောင်ကျိုပါ။ ကော်ထဲသို့ လေးညှင်းပွင့်ဆီအစက် အနည်းငယ်ထည့်၍ အသုံးပြုပါ။

## အာလူးမမည်းနည်း

အားလူးပြုတ်သည့်ရေတွင် ဆူပွက်လာသည့်အခါ ၎င်းအိုးထဲသို့ သံပုရာရည် အနည်းငယ်ညှစ်၍ထည့်ပါ။ အာလူးများအရောင်လှပြီး အရသာထူးကဲလာပါသည်။

## ညှီနံ့ပျောက်နည်း

အမဲသားချက်သော ဟင်းအိုးထဲသို့ မီးသွေးအနည်းငယ်ထည့်၍ ချက်ပါက မကောင်းသောအနံ့များပျောက်ကင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ဆပ်ပြာမြှုပ်သုံးနည်း

ဆပ်ပြာမြှုပ်များကို ခွက်ဖြင့်ခံယူပြီး သစ်ပင်၊ ပန်းပင်များကိုလောင်းပါက သစ်ပင်များသန်စွမ်းဖွံ့ဖြိုးဝေဆာလာပါလိမ့်မည်။

## ခရုပက်ကျိ ကင်းဝေနည်း

အစေ့ပင်ပေါက် ပတ်လည်မှာ ရေပ်သီးခြောက်မှုန့်များဖြူးထားပါက ခရုပက်ကျိမလာတော့ပါ။

## ချောဆီအစွန်းပျောက်နည်း

သိုးမွေး အကျႌ(ဝါ)ရှပ်အကျႌပေါ် ချောဆီစွန်းလျှင် ထိုနေရာကို ခေါင်းလျှော်ရည်နည်းနည်းသုတ်လိုက်ပါ။ နာရီဝက်လောက်ကြာလျှင် လျှော်လိုက်ပါက ချောဆီများ ပျောက်ကင်းသွားပါလိမ့်မည်။

## ဇွန်းခရင်းအသစ်ဖြစ်နည်း

ဇလုံတစ်လုံးထဲတွင် ရေနွေး၊ အင်္ဂလိပ်ဆားပြားသေး(၁)ချပ်နှင့် သံပုရာသီး တစ်ခြမ်းထည့်ပြီး ဇွန်းနှင့်ခရင်းတို့ကို ထိုအရည်နှင့်ပွတ်တိုက်ဆေးကြောပြီး ခဏထည့်ထားလိုက်လျှင် အရောင်ထွက်လာပါလိမ့်မည်။

## သားရေအက်ရာပျောက်နည်း

သားရေပစ္စည်းများ အက်လာရင်မလှပါ။ ထိုသို့အက်ရာမဖြစ်အောင် ကြက်ဆူဆီနှင့် တစ်နှစ်လျှင်တစ်ကြိမ်သုတ်ပေးပါ။

www.burmeseclassic.com

## ပူဒီနာစိုက်နည်း

ပူဒီနာပင်တွေကို ပန်းအိုးထဲ ဒါမှမဟုတ် ခြံထဲမှာအတန်းလိုက်ချစိုက်ပါ။

## ပန်းပွင့်မကြွေနည်း

ပွင့်ဖတ်ကြွေလွယ်သည့် ပန်းများအား ဆံပင်ဖျန်းဆေး(Hair Spray)ဖျန်းပေးလိုက်ပါက မြန်မြန်မကြွေတော့ပါ။

## အိုးတိုက်နည်း

ဒယ်အိုး (သို့) နို့မလှိုင်၊ ထောပတ်ထည့်ထားသည့် ပန်းကန်ခွက်ယောက်တို့ကို ရေခဲရေအေးအေးနှင့်ဆေးပါ။

## ဖယောင်းတိုင်ထွန်းနည်း

ဖယောင်းတိုင်ကို အအေးခန်းထဲမှာထည့်သိမ်းပါ။ မီးထွန်းသည့်အခါ ဆားအနည်းငယ်အပေါ်မှဖြူးထားလျှင် အထွန်းခံပါသည်။

## ဇစ်လျှောနည်း

ဇစ်များချော်နေကျပ်နေသည့်အခါ ဇစ်သွားတစ်လျှောက် ဖယောင်း(သို့) ဆပ်ပြာနဲ့ ပွတ်တိုက်ပေးပါ။

## ဒဏ်ရာသက်သာနည်း

ပထမဒဏ်ရာကို သန့်စင်ပြီးအဝတ်သန့် (သို့)ပတ်တီးဖြင့်ဖိပြီးထားပါ။ သွေးခဲပြီး ဒဏ်ရာပိတ်သွားစေပါသည်။ ဒဏ်ရာအတော်ကြီးလျှင် ဒဏ်ရာပေါ် အဝတ်သန့်ခန့်ဖြင့် ဖိပြီးအုပ်ထားပါ။ အဝတ်စကို ရေခဲဘူးထဲထည့်ပြီး ထိုအဝတ်ဖြင့် ဒဏ်ရာကို ပတ်တီးစီးနိုင်ပါသည် ပြီးလျှင်ဆေးခန်းသွားပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## မူးဝေလျှင်

မိုက်ခနဲ ခေါင်းထဲမှာဖြစ်ပြီး မူးဝေလာလျှင်လုပ်နေတာတွေကို ခဏရပ်ပြီး ထိုင်ချလိုက်ပါ။ ခေါင်းကိုနှိမ့်ပြီး ပေါင်နှစ်လုံးကြားထဲမှာ ထားကြည့်လိုက်ပါ။ ပြီးရင်အချိုရည်တစ်ခုခုကို သောက်ကြည့်ပါ။

## ငှက်ပိတ်မိနေရင်

ပြတင်းပေါက်အားလုံးဖွင့်ပြီး လိုက်ကာရှိလျှင် ဖွင့်ပေးထားပါ။ အသံပေးပြီး မောင်းထုတ်ပါ။ ငှက်ကလေးသိပ်ပြီးလန့်နေရင် ဒီအတိုင်းခဏထားလိုက်ပါ။ ငှက်မမြင်နိုင်တဲ့နေရာမှာ ခဏသွားနေပေးပါ။

## အဝတ်လျှော်စက်ထဲမှ အရောင်ထွက်လာသော်

စက်ကိုရပ်လိုက်ပါ။ ပန်းရောင်၊ အပြာရောင်ပါသည့် အဝတ်များကိုထုတ်ယူပြီး စက်ပြန်ဖွင့်ပါ။ အရောင်ကျွတ်သည့်အထည်ကို သီးသန့်လျှော်ပါ။ အကောင်းဆုံးက ဆပ်ပြာမှုန့်ဖြူးပြီး ခဏစိမ်ကြည့်၊ ထို့နောက်စက်ကို ဖြည်းဖြည်းလှည့်ကြည့် ကျွတ်ရင် အဝါ၊ အပြာ၊ အနက်နှင့် အနီရောင်များ အဓိကထွက်တတ်ပါသည်။

## နာခေါင်းသွေးလျှံပျောက်နည်း

နာခေါင်းသွေးလျှံလျှင် ကိုယ်ကိုရှေ့ကိုင်း၍ နာခေါင်းအဝကို လက်မ၊ လက်ညှိုးဖြင့် ဖိညှစ်ပြီး ပိတ်ထားလိုက်ပါ။ ငါးမိနစ်လောက်ပိတ်ထားပါ။ ၎င်းပိတ်ထားသည့်နေရာကို (၁၀)မိနစ်၊(၁၅)မိနစ်လောက်အထိ ပိတ်လိုက်၊ ဖွင့်လိုက်လုပ်ပေးပါ။ များသောအားဖြင့် အင်မတန် ခြောက်သွေ့ သွန်းသည့်နေရာ(သို့)စိုထိုင်းဆအလွန်နည်းပါးသည့်နေရာမျိုးမှာ ဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မိုးကြိုးသွားအတုအစစ်ခွဲနည်း

စကောထဲ မိုးကြိုးသွားထည့် အပေါ်က ဆန်တွေအုပ်ထားပြီး ကြက်ကိုကျွေးကြည့်ပါ။ မိုးကြိုးသွားစစ်လျှင် ထိုဆန်ကိုကြက် မစားပါ။

## ခြေသဲလက်သဲပုပ်ကုနည်း

ဒန်းကြီရွက်ကို ပိုးစားနေသည့် ခြေသဲ၊ လက်သဲများပေါ် ပလာစတာဖြင့် ကပ်ထားပါ။ (၃–၄)ရက်အတွင်း အခြေအနေကောင်းသွားပါလိမ့်မည်။

## ညောင်ပင်သတ်နည်း

ညောင်ပင်ကိုရသလောက်အရင်းကကာပ်ပြီး ဖြတ်ပစ်လိုက်ပါ။ ကျန်တဲ့ငုတ်လေးကို ဆားပျစ်ပျစ်အုပ်လိုက်ပါ။ တချို့ဆားအစား၊ ပုလဲခတ်မြေဩဇာကို သုံးကြတယ်။

## မျက်ခုံးမွေးဆွဲတံလုပ်နည်း

ဆောင်းရာသီမှာ မျက်ခုံးမွေးဆွဲခဲတံကို ဆွဲရလွယ်အောင် ခဲတံရဲ့ထိပ်ဖက်ကို ဆံပင်အခြောက်ခံစက်နဲ့ ခဏမှုတ်လိုက်ပါ။ အပူချိန်အနည်းငယ်လျှော့ပြီးမှုတ်ပါ။

## ဒိန်ချဉ်အသုံးပြုနည်း

မျက်နှာပေါ်ကို ဒိန်ချဉ်စပ်ပါးပါးလေးလိမ်းပြီး နှိပ်နယ်ပေးပါ။ မိနစ်(၃၀)လောက်ကြာရင် ရေဆေးချလိုက်ပါ။

## ဆီမစင်နည်း

ဒယ်အိုးနှင့်တစ်ခုခုကြော်လို့ ဆီမစင်အောင် အပေါက်ပါတဲ့အဖုံးနဲ့ အုပ်လိုက်ပါ။ အပေါက်ကနေ ဆီအငွေ့တွေထွက်သွားပြီး ဆီမစဉ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com


## ရော်ဘာလက်အိတ်ချွတ်နည်း

ရော်ဘာလက်အိတ်စွပ်၍ အလုပ်လုပ်ပြီးပြန်ချွတ်လို့ လွယ်အောင်ရေအေးနဲ့ ဆေးကြောပြီးမှချွတ်ပါ။

## ရေခဲကတ်လုပ်နည်း

ရေခဲကတ်အဖြစ် ကြွက်ဥထည့်သည့် ပလတ်စတစ်ခွက်နှင့် အခြား ခွက်လွတ်လေး တွေကို အသုံးပြုနိုင်ပါသည်။ ခွက်ကြီးလေ ချက်ချင်းအရည်မပျော်ဘဲ ကြာရှည်ခံ လေပါဘဲ။

## ဆပ်ပြာအကျန်သုံးနည်း

အဝတ်လျှော်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာ အကျန်တွေများစုပြီး အိုးတိုက်ရေ မြှုပ်ကို ဆားပြင့်အရာလေးပေး၍ ခွဲကြောင်းထဲဆပ်ပြာလေးတွေထည့်ပါ။ ထိုရေမြှုပ်နဲ့ ပန်းကန်ဆေး၊ အိုးတိုက်ပါက အလေအလွင့်မရှိဘဲ လက်လည်း ဆပ်ပြာစား သက်သာပါသည်။

## ရေနွေးကြမ်းချိုးခွာနည်း

ဗနီဂါ(၃)ဆနှင့် ရေတစ်ဆကိုရောပြီး ရေနွေးကြမ်းအိုးထဲထည့်ပါ။ အရစ်တွေပျော်ကျတဲ့အထိ စိမ်ထားပါ။ ပြီးမှ ရေနဲ့ဆေးကျင်းပြီးသုံးပါ။ ထိုနည်းတူ ဒယ်အိုး၊ အန်အိုးများချိုးကပ်နေလျှင် ဗနီဂါနှင့် ရေနွေးပွက်ပွက်ဆူရောပြီးထည့် ကာ ၁ နာရီ(သို့) ၂ နာရီခန့် မီးပူပေးလျှင် ချိုးများကွာကျပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ငွေထည်ပြောင်လက်နည်း

ငွေထည်၊ ကြေးထည်များ အရောင်တင်လိုက ခြေအိတ်၊ လက်အိတ် အဟောင်းများဖြင့် ပွတ်တိုက်လိုက်ပေးပါပြန်ပြီး အရောင်ပြောင်လက်လာပါလိမ့်မည်။

## အသားပတ်ပျောက်နည်း

အသားပတ်လျှင် ရေချိုးခါနီးတိုင်း မန်ကျည်းသီးမှည့်နှင့် နနွင်းမှုန့်ရောပြီး မျက်နှာကိုလိမ်းကျံပေးပါ။ ပြီးလျှင် ချေးတွန်းသကဲ့သို့ ပြုလုပ်ပေးပါက အသားမပတ်နိုင်တော့ပါ။

## အစင်းကြောင်းပျောက်နည်း

မျက်နှာမှာအစင်းကြောင်းတွေပေါ်နေလျှင် ရှောက်ရည်လက်ဖက်ရည်ဇွန်း တစ်ဝက်၊ ပျားရည်စားပွဲဇွန်းတစ်ဝက်ရောပြီး မျက်နှာကိုလိမ်းပေးပါ။ ၁၅မိနစ်ကြာမှ မျက်နှာသစ်ပါ။ ရက်သတ္တ(၂)ပတ်လောက်မှန်မှန်လုပ်ပေးပါက ပျောက်ပါသည်။

## ဝက်ခြံပျောက်နည်း

ထုံးရေကြည်နှင့် သနပ်ခါးလူးပေးပါ။ ဝက်ခြံပေါက်နေပြီးဖြစ်လျှင် ညအိပ်ရာဝင်တိုင်း ခပ်ထူထူလိမ်းပြီးမှ အိပ်ပါ။ ဝက်ခြံပေါက်တာ သိပ်များလျှင် ဆေးပုလဲမြစ်ကိုရေနှင့် ပျစ်ပျစ်သွေးပြီး လိမ်းလျှင်ပျောက်ပါသည်။

## မှဲ့တောက်ပျောက်နည်း

ကျီး၏ အရေကိုမီးအကျွမ်းဖုတ်ပြီး ပြာကိုပျားရည်နှင့်စပ်သောက်လျှင် မှဲ့တောက်ခြင်းပျောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နားကိုက်ပျောက်နည်း

ကျောက်ချဉ်ခဲကို အမှုန့်လုပ်ပြီး အုန်းဆီနှင့်ဖျော်ပါ။ ပြီးလျှင်နားကြပ်တောင်နှင့် မကြာမကြာကြပ်ပေးလျှင် နားကိုက်၊ နားပြည်ယိုပျောက်ပါသည်။

## သွားကိုက်ပျောက်နည်း

ရေနံခဲကို ဆားအနည်းငယ်ရောပြီး သွားပိုးအပေါက်ထဲထည့်ပေးလျှင် သွားကိုက်ပျောက်ပါသည်။ သိပ်ကိုက်လျှင် ရေခဲတုံးငုံပေးလျှင် သက်သာပါသည်။

## ဖန်ထည်ပြောင်လက်နည်း

အဝတ်စသန့်သန့်ကို ရေနံဆွတ်ပြီး ဖန်ထည်၊ မှန်ထည်များကို တိုက်ပေးလျှင် ပြောင်လက်ပါသည်။

## မှဲ့သတ်နည်း

ဆပ်ပြာကြမ်းနှင့် ထုံးရောပြီး ကောက်ညှင်းဆန်(၂)စေ့ခန့်စိုက်ထားပါ။ သတ်လိုသည့်မှဲ့ကို ဝါးချွန်အသန့်လေးနှင့် ထိုးဆွပေးပြီး နူးနေသည့် ကောက်ညှင်းဆန်အိအိလေးကို သိပ်ပေးပါ။ (၁)ရက်(၂)ရက်လောက် ရေမထိပါစေနှင့်။ မှဲ့ပျောက်ကင်းသွားပါမည်။

## နှင်းဆီနက်စိုက်နည်း

ကျွန်းသားမီးသွေးပြာ(၃)ပုံ(၁)ပုံနှင့် မြေဆွေး(၁)ပုံလောက်ရောပြီး ပန်းအိုးထဲထည့်ပါ။ နှင်းဆီကိုင်းရင့်ရင့်ကို ထိုပန်းအိုးထဲထိုးစိုက်လျှင် အနက်ရောင်နှင်းဆီပွင့်ကို လှပစွာတွေ့ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## ငွေထည်ပြောင်လက်နည်း

[illegible]ပြာနှင့် မီးပိုပြာရောပြီး အရောင်မှိန်နေသည့် ငွေထည်ကို နာနာ[illegible]ပေးပါ။ ပြီးလျှင် ရေအေးနှင့်ဆေးပါ။ ရေစင်အောင်သုတ်ပြီး မီးပို[illegible]က ပြာနုနှင့် အဝတ်သန့်နှင့် နာနာသုတ်ပွတ်တိုက်ပေးလျှင် ငွေထည်ပြောင်လက်လာပါသည်။

## ယွန်းထည်မကွဲနည်း

ယွန်းထည် မကွဲအောင် ဆီသုတ်ပေးလျှင် ရပါသည်။

## အပူလောင်ပျောက်နည်း

အပူလောင်လျှင် အလှူဆီလိမ်းကျံပေးလျှင် ပျောက်ပါသည်။

## နှလုံးတုံပျောက်နည်း

ဗာဒံစေ့အနည်းငယ်ကို ညက်အောင်ထောင်းပြီး နွားနို့နှင့်ရောစပ် သောက်လျှင်ပျောက်ပါသည်။

## ကြာဆူးပျောက်နည်း

ကြာဆူးကို ကြာရွက်ပြုတ်ရည်နှင့် ပွတ်တိုက်လိမ်းကျံပေးလျှင် ရက်ပိုင်းအတွင်း ပျောက်ပါသည်။

## ဘော်ထည်အမည်းပျောက်နည်း

မည်းနေသည့် ဘော်ထည်ကိုဆားသုတ်ပြီး မီးဖုတ်ပါ။ ပြီးလျှင် မန်ကျည်းမှည့် ရည်ထည့်၍ ခပ်နွေးနွေးပူအောင်ပြုတ်ပြီး ကြေးသွားပွတ်တံတွင် ဆော်ဒါနှံ့သုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com


ပွတ်တိုက်ပေးလျှင် မည်းနေသော ဘော်ထည်ပြောင်လက်လာပါလိမ့်မည်။

## ရွှေထည်ရှိကျောက်ပြောင်လက်နည်း

ဆပ်ပြာကြမ်းနှင့် ကွမ်းစားထုံးကို ရေနှင့်ဖျော်ပြီးပူလာသည်အထိကျို၍သွားပွတ်တံနှင့်တို့ကာ ပွတ်တိုက်လျှင် ရွှေထည်နှင့်ပြုလုပ်ထားသည့် ကျောက်များပြောင်လက်လာပါလိမ့်မည်။

## နှင်းဆီပန်းရောင်စုံပွင့်နည်း

မြေဆွေးနှစ်ပုံ၊ သဲမှုန့်လေးပုံတစ်ပုံ၊ နွားကျယ်အုံ့မှုန့်လေးပုံသုံးပုံရောပြီးအိုးထဲထည့်ကာ နှင်းဆီပန်းစိုက်ပါက နှင်းဆီတစ်ပင်တည်းက ရောင်စုံများပွင့်လာပါလိမ့်မည်။

## သံပုရာရည်ပိုထွက်နည်း

သံပုရာသီးကို မီးနွေးနွေးဖြင့်ကင်ပြီးမှညှစ်လျှင် သံပုရာရည်ပိုထွက်ပါသည်။

## ဒေသ့်နံ့ပျောက်နည်း

ဟင်းအိုးဝေကျပြီးဒေသ့်နေလျှင် ထိုအပေါ်တွင်ဆားဖြစ်စေ၊ နနွင်းဖြစ်စေဖြူးပါကဒေသ့်နံ့ပျောက်ပါသည်။

## နို့စစ်မစစ်ခွဲခြားနည်း

နို့တစ်စက်ကို ပင်နှိပ်စက္ကူပေါ်ချကြည့်ပါ။ နို့စစ်လျှင်ပြန့်၍မသွားဘဲ စက္ကူပေါ်တွင်နေပါမည်။ ရေရောထားလျှင် စက္ကူထဲသို့ ပြန့်ဝင်သွားပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## ငါးခြောက်မငန်နည်း

ဆားအလွန်ပါသော ငန်သည့်ငါးခြောက်ကို မငန်စေလိုလျှင်၊ ဆားများကိုရေနှင့် ဖျော်၍ရသည့်ဆားရေထဲတွင် ဆားအလွန်ငန်သော ငါးခြောက်ကိုစိမ်ထားလျှင် မငန်တော့ဘဲ အရသာအလွန်ကောင်းပါသည်။

## အသားနူးနည်း

အမဲသား၊ ဆိတ်သား၊ ဘဲသား၊ ဝက်သားအစရှိသည့် သား၊ ငါးများနူး လွယ်အောင် ရှလကာရည်အနည်းငယ်ထည့်၍ ဆုပ်နယ်ပြီးမှချက်လျှင် နူးညံ့ ပျော့ပြောင်းလွယ်ပါသည်။ (သို့) ဂျင်းရည်နှင့်နယ်ပြီး ချက်လျှင်လည်းနူးလွယ်ပါသည်။ သင်္ဘောသီးအစိမ်းလေးငါးစိတ်ထည့်ချက်လျှင်လည်း နူးလွယ်ပါသည်။

## သားငါးနူးအောင် တင်းချိုချက်နည်း

သားငါးတို့ကို နူးအောင်ပြုတ်ပြီးမှ ဆားထည့်လျှင်သားငါးများ နူးပါသည်။

## တင်းချိုကြက်သွန်နံ့ပျောက်နည်း

စွပ်ပြုတ်၊ ဟင်းချိုတို့တွင် မုန်လာဥဝါအနည်းငယ်လှီးထည့်ပြီး အဖုံးကိုအုပ် ထားပါက ကြက်သွန်နံ့များပျက်ပြယ်သွားပါသည်။

## ကြက်ဥမပုပ်နည်း

ကြက်ဥ၊ ဘဲဥများကို လေလုံသောဘူးထဲထည့်ပြီး ဖုံးအုပ်မထားပါနှင့် ရေပ်သီးမှုန့်များနှင့် ရောမထားပါနှင့်။ ပုပ်လွယ်ပါသည်။

## ဝက်သားကြော်နည်း

ရေနှင့်ပျစ်ပျစ်ဖျော်ထားသော ဂျုံမှုန့်ရည်ထဲတွင် ဝက်သားတုံးများကိုနှစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကြော်လျှင် ရက်တာရှည်ထားခံပါသည်။

## အသားကြာရှည်ခံနည်း

ငါး၊ အမဲသားများကို အရိုး၊ အဆီထုတ်ဘဲ နို့ချဉ်အိုးထဲမှာထည့်၍ အဖုံးကိုပိတ်ပြီး အေးသောအခန်းထဲတွင်ထားပါ။ ကာလကြာရှည်ခံပါသည်။ ထိုသို့ပြုလုပ်လျှင် လေးငါးလအထိထားခံပါသည်။

## ကြက်သွန်ဖြူနံ့ပျောက်နည်း

ကြက်သွန်ဖြူအစိမ်းစားလျှင် ပါးစပ်ထဲတွင်ကြက်သွန်ဖြူနံ့များနံနေတတ်သည်။ ထိုသို့ဖြစ်လျှင် နို့စိမ်းအနည်းငယ်သောက်လျှင် ကြက်သွန်ဖြူနံ့ပျောက်ပါသည်။

## နနွင်းနံ့ပျောက်နည်း

ဟင်းများနံ့နွင်းနံ့နံလျှင် သဘော်သီးစိမ်းကို ပိုးတိုက်လှီး၍ခတ်ပါ။ အတန်ကြာလျှင် ဆယ်ယူလိုက်ပါ။ ထိုသို့ (၂)ကြိမ်၊ (၃)ကြိမ်လုပ်လျှင် နနွင်းနံ့ပျောက်ကင်းပါသည်။

## ရေတတ်သီးခြောက်ထောင်းနည်း

အမြန်ညက်အောင် ရေပ်သီးအခြောက်နှင့်အတူဆားကွမ်းသီးခြမ်းခန့်ထည့်ထောင်းလျှင် ရေပ်သီးအညက်မြန်ပါသည်။

## နာခေါင်းသွေးလျှံခြင်းပျောက်နည်း

ဆီးဖြူသီးခြောက်၊ အစို့ရေရာကိုရှူပေးလျှင် ပျောက်ကင်းပါသည်။ ငှက်ပျောပင်မှ အစေးကို နာနာရှူပေးလျှင်လည်း သွေးတိတ်လွယ်ပါသည်။

www.burmeseclassic.com

 www.burmeseclassic.com 

## ဘောက်ဖတ်တုတ်သက်သာနည်း

ဘောက်ဖတ်တုတ်ခံရသည့်ဒဏ်ရာကို မိမိဦးခေါင်းရှိဆံပင်နှင့် ပွတ်တိုက်ပေးပါ။ ထို့နောက် ကြက်သွန်နီတစ်ခုကိုဓားနှင့်ခြမ်းပြီး ဒဏ်ရာကိုပွတ်တိုက်ပေးလျှင် မိနစ်ပိုင်းအတွင်း သက်သာပျောက်ကင်းပါသည်။

## လက်ဖဝါးနူးညံ့နည်း

ဆပ်ပြာနှင့် လက်ဆေးသည့်အခါ သကြားအနည်းငယ်ပါရောပြီး ပွတ်တိုက်ဆေးကြောလျှင် လက်များသန့်ရှင်းဖြူဖွေးပြီး နူးညံ့ပါသည်။

## မီးကျွမ်းရာပျောက်နည်း

အဝတ်စတစ်ခုကိုဆားသုတ်ပြီး ပန်းကန်ရှိ မီးကျွမ်းသည့်နေရာကို ပွတ်တိုက်လျှင် ကျွမ်းရာပျောက်ပါသည်။

BURMESE CLASSIC .com

## ရှောက်သီးထားနည်း

ထင်းရှူးသေတ္တာတစ်ခုတွင် လွှစာမှုန့်များထည့်ပြီး ရှောက်သီးထည့်ပါ။ တစ်လုံးနှင့်တစ်လုံးခြားပြီး လွှစာမှုန့်ဖြင့်အုပ်ထားလျှင် ကြာကြာအထားခံပါသည်။

## ဝါးစပ်ကွဲပျောက်နည်း

ကြက်ဟင်းခါးရွက်အရည်နှင့် မြေဖြူမှုန့်ရောစပ်ပြီး အနာကိုပွတ်လိမ်းပေးလျှင် ရက်ပိုင်းအတွင်း ပျောက်ပါသည်။

## ခေါင်းကိုက်ပျောက်နည်း

သံပုရာသီးထက်ခြမ်းခွဲကို မီးအပူပေးပြီး ခေါင်းတွင်ကပ်ထားရပါမည်။ မကြာမီ သက်သာပါလိမ့်မည်။ နေပူမခံပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

## အဝတ်ပိုးမကိုက်နည်း

အဝတ်အထည်အောက်က လေးညှင်းပွင့်ခံထားပေးလျှင် ပိုး[illegible]ပါ။

## အိုးသန့်ရှင်းနည်း

သံပုရာခွံ၊ ရှောက်ခွံများဖြင့် ထမင်းအိုး၊ ဟင်းအိုးများကို ပွတ်တို[illegible]ကြော ပေးလျှင် ကြေးညှော်ကင်းပြီး အနံ့အသက်ပါကင်းစင်သွားပါသည်။

## လိမ္မော်သီးကြာရှည်ထားနည်း

နေရောင်မကျရောက်သည့် မြေကြီးကိုတစ်ထွာလောက်တူးပြီး [illegible]မှသဲခံ၍ အပေါ်ကသဲအနည်းငယ်အုပ်ထားလိုက်လျှင် ကာရှည်ထားခံပါသည်။

## စားအုန်းဆီမခဲနည်း

ဆောင်းကာလတွင် စားအုန်းဆီခဲလျှင် ဆီကိုကျက်အောင်ချက်ပြီး ကွမ်းရွက်အနည်းငယ်ခြေထည့်ပေးထားလျှင် မခဲပါ။

## ငံပြာရည်ထားနည်း

ငံပြာရည်ကို ကျိုချက်ပြီး ခြောက်သွေ့သည့်ပုလင်းမှာထည့်ထားလျှင် ကြာရှည်ထား အသုံးပြုနိုင်ပါသည်။

## ဥမကွဲအောင်ပြုတ်နည်း

ရေနွေးထဲ မပြုတ်ခင်ဥများကို ရေအေးထဲမှာစိမ်ထားပြီး အတန်ကြာမှ ရေနွေးထဲထည့်ပြုတ်လျှင် မကွဲမအက်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com


## ရှောက်ရည်တာရှည်ခံနည်း

ရှောက်သီးရင့်ရင့်လေးလုံးခန့် အခွံနွှာပြီး ပိတ်ပါးခံကာ အိုးတစ်လုံးထဲအရည် ညှစ်ချပါ။ ၎င်းရှောက်ရည်ကို ပုလင်းသန့်သန့်တွင်ထည့်ပြီး ယင်းအပေါ်မှ နှမ်းဆီစစ်စစ် လက်နှစ်လုံးခန့်ထည့်ပေးပါ။ ဆီထည့်ထား၍ ပိုးမွှားမဝင်ရောက်ဘဲ တစ်နှစ်အတွင်းအသုံးပြုလျှင် အရသာမပျက်သုံးစွဲနိုင်ပါသည်။ အသုံးပြုလိုပါက ဖြည်းဖြည်းလောင်းချလျှင် ဆီသည်နောက်သို့ပြေးပြီး ရှောက်ရည်များသာ ကျဆင်းလာပါမည်။

## ညှင်းပျောက်နည်း

ကြွေစေ့(၃)စေ့ခန့်ကို သံပုရာရည်နှင့် ကြွေပန်းကန်တစ်ခုထဲမှာထည့်စိမ်ထားပါ။ နေ့တစ်ဝက်ခန့်ကြာလျှင် ကြွေစေ့များအရည်ပျော်သွားပါလိမ့်မည်။ ရရှိသော အရည်ကို နို့သာဖြူနှင့် ရောသွေးပြီ ညှင်းရှိသည့်နေရာကို လိမ်းကျံပေးလျှင် ရက်ပိုင်းအတွင်း ညှင်းများပျောက်ကင်းသွားပါမည်။

BURMESE CLASSIC

## မျက်တောင်ကော့နည်း

ကြက်ဆူဆီကို ကြက်တောင်နှင့်တို့ပြီး နေ့စဉ်မှန်မှန် အထက်သို့ဆွဲပေးလျှင် မျက်တောင်ကော့လာပါလိမ့်မည်။

## ကွဲ့ပခုံးပျောက်နည်း

နေ့စဉ်ရှောက်ရည်လိမ်းကျံပေးလျှင် တစ်စတစ်စနှင့်ပျောက်ပါသည်။

မခိုင်

www.burmeseclassic.com